အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Friday—First Morning Session)

Message Four

ဣဇာက်ကို ပူဇော်ခြင်းနှင့် သေသောသူကို အသက်ပေးသောအရှင်တည်းဟူသော ဘုရားသခင်ကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ကၠဏ္ဍ၁-၁၈။ ဟေဗြဲ၁၁း၁၇-၁၉။ ရော၄း၁၇

I. ဘုရားသခင်သည် အာဗြဟံအား သူ၏ တစ်ဦးတည်းသောသား ဣဇာက်ကို ယူ၍၊ သူ့ကို မီးရှို့ရာယဇ်အဖြစ် ပူဇော်ရန် ညွှန်ကြားခြင်းအားဖြင့် စမ်းသပ်ခဲ့သည် - ကၠဏ္ဍ၁-၂။

A. ဗေရရှေဘာ၌ရှိသော အသက်တာသည် ဘုရားသခင်ထံသို့ ပူဇော်သည့် မီးရှို့ရာပူဇော်သက္ကာ (ဣဇာက်) ကို ထုတ်လုပ်ထွက်ပေါ်စေသည်။

1. ဣဇာက်အသက်တာ၏ အရင်းအမြစ်သည် ကိုယ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် သူ့ကို ဘုရားသခင်ထံ မီးရှို့ရာပူဇော်သက္ကာ ဖြစ်စေခဲ့သည် - အငယ်၂၂ ၇-၉။
   a. *မီးရှို့ရာပူဇော်သက္ကာ* ၏ ဟေဗြဲစကားလုံး တိုက်ရိုက်အဓိပ္ပာယ်မှာ "အထက်သို့ တက်သွားသော" ဟု ဆိုလိုပြီး၊ ဘုရားသခင်ထံသို့ တက်သွားသော တစ်စုံတစ်ရာကို ရည်ညွှန်းသည် - ဝတ၊၁း၃၊ မှတ်စု ၁။
   b. မီးရှို့ရာပူဇော်သက္ကာသည် ခရစ်တော်ကို လူများအား အပြစ်မှ ရွေးနှုတ်ခြင်း၌ အဓိကပုံဆောင်ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏အသက်ရှင်ခြင်းသည် ဘုရားသခင်အတွက် လုံးလုံးဖြစ်ခြင်းနှင့် ကိုယ်တော်၏အသက်တာသည် ဘုရား၏ လူများအား ထိုသို့သောအသက်တာကို ရရှိစေနိုင်ခြင်းကိုလည်း ပုံဆောင်ခြင်းဖြစ်သည် - အငယ်၉။ ယော၅း၁၉၊ ၃၀။ ဖိး၃၈။ ၇း၁၈။ ၈း၂၉။ ၁၄း၂၄။ ၂ကော၅း၅၅။ ဂလ၂း၁၉-၂၀။
   c. မီးရှို့ရာပူဇော်သက္ကာသည် ဘုရားသခင်၏အစားအစာဖြစ်ပြီး၊ ယင်းသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်စေရန် နှင့် ကျေနပ်နှစ်သိမ့်စေရန် ဖြစ်သည် - စာရင်း၂၈း၂။
2. မှန်ကန်သော အသင်းတော်အသက်တာသည် မီးရှို့ရာပူဇော်သက္ကာများကို ထုတ်လုပ်သည် - ဝတ၊၁း၁-၂။ ရော၁၂း၁-၂။
   a. ဗေရရှေဘာ၌ အသက်ရှင်ခြင်း၊ ကြီးထွားခြင်း၊ ယေဟောဝါ၏နာမတော် အဲလ်အိုလမ်ကို ခေါ်ခြင်းအားလုံးတို့သည် မီးရှို့ရာပူဇော်သက္ကာကို ထွက်ပေါ်စေရန်အတွက် ဖြစ်သည် - က၂၁း၃၃။ ၂၂း၁-၂။
   b. ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၌ ပို၍ နေထိုင်လေလေ၊ ၎င်းသည် ကျွန်ုပ်တို့ကို ဗေရရှေဘမှ မောရိတောင်သို့ ပို၍ ခေါ်ဆောင်လေလေဖြစ်သည်။

B. အာဗြဟံနည်းတူ ကျွန်ုပ်တို့အား ကိုယ်တော်ပေးထားသောအရာကို ဘုရားသခင်ထံ ပြန်လည် ပူဇော်ခြင်း၏ သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူရန် လိုအပ်သည် - အငယ်၁၁-၁၈။ ရော၁၁း၃၆။

1. ဣဇာက်နှင့်ပတ်သက်သမျှ အရာအားလုံးသည် ဘုရားသခင်၏ အရာ၊ ဘုရားသခင်အားဖြင့် ဖြစ်ပြီး၊ ဘုရားသခင်သည် ဣဇာက်ကို မီးရှို့ရာပူဇော်သက္ကာအဖြစ် ကိုယ်တော်ထံ ပြန်၍ ပူဇော်ရန် အာဗြဟံအား တောင်းဆိုခဲ့သည် - က၂၂း၁-၂။
2. ကတိတော်မျိုးစေ့ဖြစ်သည့် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သော ဣဇာက်ကို ဘုရားသခင်က အာဗြဟံအား ပေးခဲ့သော်လည်း (ဂလ၄း၃၆) ဘုရားသခင်သည် အာဗြဟံအား ပေးခဲ့သည့် အရာကို ဘုရားထံ ပြန်၍ ပေးအပ်ရန် အာဗြဟံကို တောင်းဆိုခဲ့သည်။ ဤအရာသည် အမှန်ပင် အာဗြဟံအဖို့ စမ်းသပ်ခံရခြင်းပင် ဖြစ်သည် - က၂၂း၁။ ဟေဗြဲ၁၁း၁၇။
3. ဤနေရာ၌ ဘုရားသခင်၏စီမံကိန်းရှိ အခြေခံ အလေ့အလာကို ကျွန်ုပ်တို့မြင်ရသည် - ကျွန်ုပ်တို့ထံ ဘုရားသခင်ပေးခဲ့သော အရာအားလုံး၊ ကျွန်ုပ်တို့အထဲသို့၊ ကျွန်ုပ်တို့မှတစ်ဆင့် ကိုယ်တော် ဖြစ်ပေါ်စေသည့်အရာတို့ကိုပင် ကိုယ်တော်ထံသို့ ပြန်၍ပူဇော်ရမည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် မည်သည့်အရာမျှ ကိုင်စွဲခြင်းမရှိ၊ ဘုရားသခင် ပေးခဲ့သောအရာများကိုလည်း ကိုင်စွဲခြင်းမရှိဘဲ ကိုယ်တော်၌သာ မှီခိုခြင်း၊ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်နိုင်မည်ဖြစ်သည်။

4. ဘုရားသခင်ထံမှ အမြင့်မားဆုံး တောင်းဆိုချက်မှာ ကျွန်ုပ်တို့အား ကိုယ်တော် ပေးအပ်ခဲ့သောအရာကို ကိုယ်တော်အား ပြန်၍ ပေးအပ်ရန်ပင်ဖြစ်သည်။

II. ကမ္ဘာဦး ၂း၁-၁၈ ၌ အာဗြဟံသည် ယုံကြည်ခြင်းကို နာခံကြောင်း ကျွန်ုပ်တို့မြင်ရသည် - ဟေဗြဲ၊၁၁း၁၇-၁၉။

A. အာဗြဟံသည် သူ၏ ထင်မြင်ယူဆချက်အတိုင်း မည်သည့်အရာကိုမျှ အစပြုခြင်း သို့မဟုတ် လုပ်ဆောင်ခြင်း မရှိခဲ့ပေ။

B. အာဗြဟံအထဲသို့ ထည့်သွင်းထားပေးသော ယုံကြည်ခြင်းမှာ သူ့ကို ဇီအုန်တောင်၏ အခြားသောအမည် ဖြစ်သည့် မောရိတောင်သို့ ပို့ဆောင်ပေးကာ ဣဇာက်ကို မီးရှို့ရာယဇ်အဖြစ် ပူဇော်နိုင်စေခဲ့သည် - က၊ ၂၂း၁-၂။ ၂ရာ၊၃း၁။

III. အာဗြဟံသည် ဣဇာက်ကို ပူဇော်သည့်နေရာအား ယေဟောဝါယိရေဟု သမုတ်လေ၏ - က၊၂၂း၁၄။

A. မောရိဆိုသည်မှာ "ယာ၏ရှုပါရုံ"ဟု ဆိုလိုပြီး၊ ယင်းမှာ ယေဟောဝါ၏ ရှုပါရုံဖြစ်သည်၊ မောရိတောင်၌ အာဗြဟံသည် ဘုရားသခင်ကို မြင်ခဲ့၍၊ ဘုရားသခင်သည် သူ့ကို မြင်ခဲ့သည် - အငယ်၂။

B. အပိုဒ်ငယ်၁၄ ကို "ယေဟောဝါ၏ တောင်ပေါ်မှာ မစတော်မူလိမ့်မည်" သို့မဟုတ် "ယေဟောဝါ၏ တောင်ပေါ်မှာ ကိုယ်တော့်ကို မြင်ရလိမ့်မည်" ဟု ဘာသာပြန်ဆိုနိုင်ပါသည်။

1. မောရိတောင်ပေါ်မှာ အာဗြဟံသည် ဘုရားသခင်၏ ထောက်ပံ့မစခြင်းကို တွေ့ကြုံခံစားခဲ့ပြီး၊ ရှင်းလင်းသောရှုပါရုံကို လက်ခံရရှိခဲ့သည်။

2. ဘုရားသခင်၏ထောက်ပံ့မစခြင်းသည် ရှုပါရုံနှင့်အတူ ရှိနေပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထောက်ပံ့မစခြင်းကို မွေ့လျော်ဝမ်းမြောက်သည့်အခါတိုင်း၊ ဘုရားသခင်ကို မြင်ခြင်းနှင့် ဘုရားသည် ကျွန်ုပ်တို့ကို မြင်ခြင်း ရှုပါရုံကို ရရှိကြသည်။

C. ယနေ့ ဘုရားသခင်၏ မစထောက်ပံ့ခြင်းသည် ရှင်းလင်းသော ရှုပါရုံနှင့်အတူ ကျွန်ုပ်တို့၌ ပြည့်ဝသော မစခြင်း ရှိသည့်နေရာ၊ အသင်းတော်အသက်တာ၌ ဖြစ်သည်။

D. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် မောရိတောင်သို့ ခရီးသွားနေကြပြီး၊ ကျွန်ုပ်တို့၏ ဣဇာက်ကို ယဇ်ပူဇော်ကာ ဘုရားသခင်၏မစခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိ၍ ထွင်းဖောက်မြင်နိုင်သော ရှုပါရုံကို ရရှိကြသည်။

IV. ဣဇာက်သည် ယဇ်ပူဇော်ခံရပြီးနောက်၊ သူသည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေရန်အတွက် ရှင်ပြန်ထမြောက်ခြင်း၌ ပြန်လာခဲ့သည် - အငယ်၊၁၆-၁၈။ ဟေဗြဲ၊၁၁း၁၇-၁၉။ ရော၊၄း၁၇။

A. ဣဇာက်ကို ပြန်လည်ရရှိခြင်း၌ အာဗြဟံသည် ဘုရားသခင်ကို သေသောသူကို အသက်ပေးတော်မူသောအရှင် - ရှင်ပြန်ထမြောက်ခြင်း၏ဘုရားသခင်အဖြစ် ယုံကြည်ကာ၊ တွေ့ကြုံခံစားခြင်း ရှိခဲ့သည် - ဟေဗြဲ၊၁၁း၁၇-၁၉။ ရော၊၄း၁၇။ ၂ကော၊ ၁း၉။

B. ဣဇာက်သည် ရှင်ပြန်ထမြောက်ခြင်း၌ ပြန်လာသောအခါ၊ သူသည် ဇာတိဆိုင်ရာဣဇာက်မဟုတ်တော့ဘဲ၊ ရှင်ပြန်ထမြောက်ခဲ့သော ဣဇာက် ဖြစ်လာခဲ့သည်။

C. ဣဇာက်သည် ယဇ်ပူဇော်ခံရပြီးနောက် ရှင်ပြန်ထမြောက်ခြင်း၌ အာဗြဟံထံသို့ ပြန်လာခဲ့ပြီး ကောင်းချီးမင်္ဂလာဖြစ်လာသည် - က၊၂၂း၁၆-၁၈။

D. ကျွန်ုပ်တို့အသက်တာ၌ အရာခပ်သိမ်းသည် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်အတွက် နည်းလမ်းရှိလာရန် သေခြင်း၏ အမြင့်ဆုံး စမ်းသပ်စစ်ဆေးခြင်းကို ဖြတ်ကျော်ရမည် - ယော၊၁၁း၂၅။ ၂ကော၊၁း၉။

E. ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ လက်ခံရရှိခဲ့သောအရာကို ကိုယ်တော်ထံသို့ ပူဇော်ပြီးနောက်၊ ကိုယ်တော်သည် ၎င်းကို ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ကို ပြန်ပေးလိမ့်မည်ဖြစ်သည် - ဟေဗြဲ၊၁၁း၁၇-၁၉။

1. ဘုရားသခင်ထံမှ ကျွန်ုပ်တို့ရရှိသည့် ဆုကျေးဇူး၊ ဝိညာဉ်ရေးရာ ကောင်းချီးမင်္ဂလာ၊ အလုပ်နှင့် အောင်မြင်မှုအားလုံးသည် သေခြင်းကို ဖြတ်ကျော်ကာ၊ နောက်ဆုံးတွင် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ထံ ယူဆောင်ခြင်းခံရမည်ဖြစ်သည်။

2. ကိုယ်တော်ထံမှ လက်ခံရရှိပြီး၊ သေခြင်းကို ဖြတ်ကျော်သောအရာကို ဘုရားသခင်ထံ ပူဇော်ပါက၊ ကိုယ်တော်သည် ၎င်းကို ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ထံ ပြန်ပေးမည်ဖြစ်ပြီး၊ ၎င်းသည် ကိုယ်တော်၏ရည်ရွယ်ချက်ကို ပြည့်စုံစေခြင်းအတွက် ကောင်းချီးမင်္ဂလာ ဖြစ်လာလိမ့်မည်ဖြစ်သည် - က၊၂၂း၁၆-၁၈။
3. ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ရှင်ပြန်ထမြောက်ခြင်း၌ အမြဲရောက်လာသည်၊ ကျွန်ုပ်တို့၏ကြွေဇာက်ကို ဘုရားသခင်ထံ ပူဇော်မည်ဆိုလျှင် သူသည် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ထံ ပြန်ပေးအပ်ခြင်းခံရကာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာအောက်၌ ရှိလိမ့်မည်။

V. ကြွေဇာက်သည် အာဗြဟံအားဖြင့် ဘုရားသခင်ထံသို့ ပြန်၍ပူဇော်ခံရခြင်းဖြင့် ယေရှုရှင်လင်မြို့သစ်ဖြစ်လာရန် တိုးပွားလာခဲ့သည် - အငယ်၁၆-၁၈။ ရော၈း၂၉။ ဗျာ၂၁း၂၊ ၇။

A. ယေရှုရှင်လင်မြို့သစ်သည် အာဗြဟံ၏မျိုးစေ့ - သဲလုံးများနှင့် ကြယ်များ - ၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်လိမ့်မည်ဖြစ်သည် - က၊၂၂း၁၆-၁၈။ ရော၈း၂၉။ ဗျာ၂၁း၂၊ ၇။
   1. ယေရှုရှင်လင်မြို့သစ်၌ လူမျိုးနွယ်တစ်ဆယ့်နှစ်မျိုးအားဖြင့် ကိုယ်စားပြုသောသူများမှ သဲလုံးများဖြစ်၍၊ တမန်တော်တစ်ဆယ့်နှစ်ပါးအားဖြင့် ကိုယ်စားပြုသောသူများမှာ ကြယ်များဖြစ်ကြသည် - အငယ်၁၂၊ ၁၄။
   2. သဲလုံးများနှင့် ကြယ်များအားဖြင့် ပုံဆောင်ထားသည့် လူမျိုးနှစ်ခုသည် ယေရှုရှင်လင်မြို့သစ်အဖြစ်သို့ အတူတကွ တည်ဆောက်ခံရကြလိမ့်မည်ဖြစ်သည်။

B. ကမ္ဘာဦး ၂၂ ၌ ကျွန်ုပ်တို့သည် အခြေခံအလေ့အလာကို မြင်ရသည် - ဘုရားသခင်၏ ဆုကျေးဇူး တိုးပွားခြင်းရှိရန် နည်းလမ်းမှာ ကျွန်ုပ်တို့အား ကိုယ်တော်ပေးသည့်အရာကို ဘုရားသခင်ထံ ပြန်၍ ပူဇော်ရန် ဖြစ်သည်။
   1. ဘုရားသခင်ထံ ပူဇော်ခံရကာ ရှင်ပြန်ထမြောက်ခြင်း၌ ပြန်လာသည့် တစ်ဦးတည်းသော ကြွေဇက်သည် ရေတွက်မရသော ကြယ်များနှင့် သဲလုံးများ ဖြစ်လာသည်။
   2. ကျွန်ုပ်တို့၏မျိုးစေ့တစ်စေ့ကို ဘုရားသခင်ထံ ပူဇော်ပြီး ကိုယ်တော်အားဖြင့် သေစေရန် အခွင့်ပေးမည်ဆိုလျှင် ၎င်းသည် ကျွန်ုပ်တို့ထံသို့ ရှင်ပြန်ထမြောက်ခြင်း၌ ပြန်လာကာ၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ အောက်တွင် တိုးပွားများပြားလာကြောင်း ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည် - ယော၁၂း၂၄။

VI. ဘုရားသခင်ရွေးချယ်တော်မူသောနေရာ၊ မောရိတောင်သည် နောက်ဆုံးတွင် ဗိမာန်တော်တည်ရာနှင့် ကောင်းသောမြေ၏အလယ်ဗဟို၊ ဇိအုန်တောင်ဖြစ်လာသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအတွေ့အကြုံ၌ မောရိတောင်သည် နောက်ဆုံးတွင် ဇိအုန်တောင်ဖြစ်လာသည် - က၂၂း၂၊ ၁၄။ ၂ရာ၃း၁။ ဟေဗြဲ၁၁း၁၀-၁၉။ ၁း၂၂-၂၃။ ဗျာ၁၄း၁-၅။

A. အာဗြဟံသည် ဇိအုန်တောင်ပေါ်၌ မီးရှို့ရာပူဇော်သက္ကာဖြင့် ဘုရားသခင်ကို ပထမဦးဆုံး ကိုးကွယ်ခဲ့သူဖြစ်သည် - အငယ်၁။
B. နောက်ပိုင်းတွင် အာဗြဟံမှ ဆင်းသက်လာသော အစ္စရေးလူမျိုးတို့သည် ဘုရားသခင်ကို ကိုးကွယ်ရန်နှင့် သူတို့၏မီးရှို့ရာပူဇော်သက္ကာကို ကိုယ်တော်ထံသို့ ပူဇော်ရန် ဤနေရာသို့ တစ်နှစ်သုံး ကြိမ်သွားရမည်အကြောင်း ဘုရားသခင် ပညတ်ထားခဲ့သည် - တရား၁၆း၁၆။ ဆာ၁၃၂း၁၃။
C. ယနေ့ အာဗြဟံ၏ ဝိညာဉ်ဆိုင်ရာ မျိုးဆက်များဖြစ်သည့် ဓမ္မသစ် ယုံကြည်သူများသည် ဇိအုန်တောင်ပေါ်၌ ရှိနေကြသည် - ဟေဗြဲ၁၂း၂၂-၂၃။
D. နောက်ဆုံး၌ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကို ကိုးကွယ်ရန် ယေရှုရှင်လင်မြို့သစ်၊ ထာဝရဇိအုန်တောင်ပေါ်မှာ အာဗြဟံနှင့်အတူ ပါဝင်ရလိမ့်မည်။ ယေရှုရှင်လင်မြို့သစ်တစ်ခုလုံးသည် ဇိအုန်၊ အသန့်ရှင်းဆုံးဌာန၊ ဘုရားသခင်ရှိနေသည့်နေရာ ဖြစ်သည် - ဗျာ၁၄း၁-၅။ ၂၁း၂၂။
E. သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် ဇိအုန် - ယေရှုရှင်လင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်စစ်မှန်ခြင်းကို တည်ဆောက်ရန် ဖြစ်သည် - ၁၄း၁။ ဧ၁၄း၁၆။ ဗျာ၂၁း၂။

© 2026 Living Stream Ministry